# အစဉ်အလာကောင်း

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုသုတေသနဌာနက
ထုတ်ဝေသည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

# အစဉ်အလာကောင်း

၁၉ရာစုနှစ် အကုန်ပိုင်းမှာ ဗမာတပြည်လုံး အထက်ဗမာပြည်ရော အောက်ဗမာပြည်ပါ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ ကိုလိုနီ လုံးဝဖြစ်သွားခဲ့တယ်။ ဗမာပြည် သက်ဦးဆံပိုင် ပဒေသရာဇ်မင်းဆက် ပြုတ်သွားခဲ့တယ်။ တခြားတဖက်က ကြည့်ရင်တော့ ဗမာပြည် ခေတ်ဟောင်းနိုင်ငံရေးတိုက်ပွဲ ကုန်ဆုံးသွားပြီး ဗမာပြည် ခေတ်သစ်နိုင်ငံရေးတိုက်ပွဲ စတင်တာပဲ ဖြစ်ပါတယ်။

တကယ်တော့ ၂၀ ရာစုအစပိုင်းကစပြီး ခေတ်သစ်နိုင်ငံရေးတိုက်ပွဲဟာ ထူးခြားလာပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားကို ပဒေသရာဇ်အမြော်အမြင်နဲ့ ဆန့်ကျင်ရုံမကတော့ဘဲ ခေတ်ရှင်ဒီမိုကရေစီအမြင်နဲ့ပါ ဆန့်ကျင်လာတာဖြစ်လာပါတယ်။ နယ်ချဲ့ရည်ဝပြီး ကောက်ကျစ်စဉ်းလဲတဲ့နည်း အပါအဝင် နည်းမျိုးစုံကို ကျွမ်းကျင်နေတဲ့ အင်္ဂလိပ်နယ်ချဲ့သမားကို ရင်ဆိုင်ရတာဖြစ်တော့ အတွေ့အကြုံမကြွယ်ဝသေးတဲ့ ဗမာပြည် မျိုးချစ်အင်အားစုတွေမှာ အလဲလဲအကွဲကွဲ ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ လူအများမှာတော့ မျိုးချစ်စိတ်ဓာတ်ဟာ ပိုမိုနိုးကြားပြင်းထန်လာပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး ရရှိရေးဆိုတဲ့ ဦးတည်ချက်ပီပီပြင်ပြင် မချမှတ်နိုင်ပါ။ ဒါကြောင့် နယ်ချဲ့သမား အချင်းချင်း ဈေးကွက်နယ်မြေ၊ သြဇာနယ်ပယ် လုယက်ခဲ့ဝေတဲ့ စစ်ပွဲကြီးဖြစ်တဲ့ ပထမကမ္ဘာစစ်ကြီးဖြစ်လာပေမယ့် ဗမာပြည်နိုင်ငံရေးလောကမှာ အင်္ဂလိပ်နယ်ချဲ့သမား ဆန့်ကျင်ပြီး လွတ်လပ်ရေး အရယူမယ်ဆိုတဲ့ နိုင်ငံရေးလှုပ်ရှားမှု မဖြစ်ပေါ်ခဲ့ပါ။

၁၉၁၇ ခုနှစ် ရုရှားပြည်မှာ လီနင် အမှူးပြုတဲ့ ဘော်လ်ရှီဗစ်ပါတီက မဟာအောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးကို ဆင်နွှဲပြီး အောင်ပွဲခံခဲ့ပါတယ်။ ဒီနောက်မှာ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံကို ထူထောင်နိုင်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ပထမဆုံး ဆိုရှယ်လစ်နိုင်ငံကို ထူထောင်နိုင်တာ ဖြစ်တယ်။ တနည်းပြောရရင် မာ့က်စ်ဝါဒ လှုပ်ရှားမှုမှာ မာ့က်စ်ဝါဒအရ နိုင်ငံရေးအာဏာကို ပစ္စည်းမဲ့လူတန်းစားက ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်တာပဲ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်စနစ်ကို စတင် အကောင်အထည် ဖော်တာပဲ ဖြစ်ပါတယ်။ အဲဒီနေ့ကစပြီး ကမ္ဘာပေါ်မှာ အရင်းရှင်စနစ်အပြင် ဆိုရှယ်လစ်စနစ်ဆိုတာ တည်ရှိလာတော့တာပဲ။ နယ်ချဲ့ဝါဒအတွက် ချောက်ချားစရာ ဖြစ်လာတယ်။ လီနင် အမှူးပြုတဲ့ ဘော်ရှီဗစ်ပါတီ (ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ)

ပါတီဟာ ကိုလိုနီဘဝ ကျရောက်နေတဲ့ အမျိုးသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု တွေကို ထောက်ခံအားပေးပါတယ်။ အဲဒီနိုင်ငံတွေက အမျိုးသားလှုပ်ရှားမှုတွေဟာ လွတ်လပ်ရေးနဲ့ လွတ်မြောက် ရေးလှုပ်ရှားမှုတွေ ဖြစ်ပေါ်လာရင် ဆိုရှယ်လစ်စနစ်အတွက် မဟာမိတ်တွေ တိုးပွားလာတာ ဖြစ်တယ်လို့လည်း လီနင်တို့က ရှုမြင်ပါတယ်။ ဒီအပြင် ဒီအမျိုးသားလွတ်လပ်ရေးနဲ့ လွတ်မြောက်ရေး လှုပ်ရှားမှုတွေဟာ ဆိုရှယ်လစ်စနစ် ထူထောင်ရေး ဦးတည်ချက်ကို တက်လှမ်းသွားလိမ့်မယ်လို့လည်း လီနင်တို့က မြင်ပါတယ်။

ဒီလို ကမ္ဘာ့အခင်းအကျင်းကြီး ပြောင်းလဲလာတဲ့အခါ ဗမာပြည်နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကိုလည်း ဂယက်ရိုက်ပါတော့တယ်။ ဒါကြောင့် ၁၉၂၀ ခုနှစ်၊ ကျောင်းသားသပိတ်ဟာ GCBA လှုပ်ရှားမှုနဲ့ စာရင် ပိုရှင်းလင်းပြတ်သားလာတာ တွေ့ရပါမယ်။ ၁၉၃၀ ခုနှစ် ဆရာစံ လယ်သမားလက်နက်ကိုင်ပုန်ကန်မှု ပေါ်လာတဲ့အခါမှာ ဗမာပြည်သူတွေရဲ့ မျိုးချစ်စိတ် အရှိန်အဟုန်ဟာ အလွန် မြင့်မားနေပြီဆိုတာ တွေ့ရမှာပါ။ တချိန်တည်းမှာ အမြော်အမြင်နဲ့ တိုက်ပွဲနည်းနာတွေ လိုအပ်နေသေးတာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တို့ဗမာအစည်းအရုံးကို ထူထောင်လာကြပါတယ်။ ဆိုရှယ်လစ်စာပေတွေ လေ့လာရေးဟာလည်း အရှိန်မြင့်တက်လာပါတယ်။ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး ဒီရေဟာလည်း တရိပ်ရိပ် တက်လာပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားက နည်းအမျိုးမျိုးနဲ့ သွေးခွဲပေ မယ့် အင်္ဂလိပ်အလိုတော်ရိတွေကလွဲရင် အားလုံးဟာ နယ်ချဲ့ဆန့်ကျင်ရေးအပေါ်မှာ ရပ်လာကြတယ်။

၁၉၃၈ ခုနှစ် (၁၃၀၀ ပြည့် အရေးတော်ပုံကြီး) ပေါက်ကွဲတဲ့အခါမှာတော့ ဗမာနိုင်ငံ ခေတ်သစ်သမိုင်းမှာ ထူးခြားမှု ပေါ်ပေါက်လာတယ်။ အဲဒီအရေးတော်ပုံကြီးက ဗမာပြည်ရဲ့ နိုင်ငံရေးလမ်းကြောင်းကို လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဆိုပြီး တင်ပြနိုင်လာတယ်။ အဲဒီလမ်းကြောင်းကို လျှောက်လှမ်းဦးဆောင်သွားဖို့ လူငယ်မျိုးဆက်တဆက်ကိုလည်း မွေးထုတ်လိုက်ပါတယ်။ ဒီလမ်းကြောင်းအပေါ် တမျိုးသားလုံး စည်းစည်းလုံးလုံးနဲ့ လျှောက်လိုက်နိုင်ဖို့ဆိုရင် လူတန်းစားအသီးသီးဟာ သူ့နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းအပင်းတွေ ဖွဲ့စည်းပြီး စနစ်တကျ လှုပ်ရှားကြရမယ်။ လူတန်းစား အသီးသီးရဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသင်းအပင်း အားလုံးဟာလည်း အချင်းချင်း စည်းလုံးစွာ လက်တွဲကြရမယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး အမြင်အပေါ်မှာ တစည်းတလုံးတည်း ရှိကြရမယ်ဆိုတာ နားလည်လာကြတယ်။ ဒါကြောင့် အဲဒီကာလမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ လျှို့ဝှက်စွာ မွေးဖွားခဲ့ပါတယ်။ တခြား နိုင်ငံရေးအင်အားစုတွေနဲ့ လက်တွဲပြီး နယ်ချဲ့ဆန့်ကျင်ရေးကို ဖောက်ချလုပ်ကိုင်ခဲ့ကြပါတယ်။

၁၉၃၉ ခုနှစ်မှာ နယ်ချဲ့သမားအချင်းချင်း လုယက်ရာကနေ ဥရောပမှာ ဒုတိယကမ္ဘာစစ် စတင် ဖြစ်ပွားပါတယ်။ ဒီတချီဖြစ်တဲ့ ပွဲဟာ နယ်ချဲ့နိုင်ငံအသီးသီးရဲ့ အင်ပိုင်ယာအသီးသီးကို ဂယက်ရိုက်ပါတယ်။ ဗမာပြည်ကို ဂယက်ရိုက်တဲ့အခါမှာတော့ ၁၃၀၀ ပြည့်အရေးတော်ပုံက မွေးဖွားပေးလိုက်တဲ့ နိုင်ငံရေးအသိစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တွေကြောင့် အင်္ဂလိပ်အခက် ဗမာ့အချက်ဆိုသလို ပေါ်လာတဲ့အခွင့်အလမ်းကို ထိထိမိမိ အသုံးချနိုင်ခဲ့ပါတယ်။ အထစ်အငေါ့တွေ ရှိပေမယ့် မျိုးချစ်စိတ်ဓာတ်၊ လွတ်လပ်ရေးနဲ့ လွတ်မြောက်ရေးအသိတွေက အဲဒါတွေအားလုံးကို ကျော်နင်းလိုက်နိုင်ပါတယ်။

၁၉၄၁ ခုနှစ်မှာတော့ ဂျာမဏီအစိုးရက ဆိုဗီယက်ယူနီယံကို ဝင်တိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ဒုတိယကမ္ဘာစစ်ရဲ့ အခင်းအကျင်း အသွင်အပြင်ဟာ ပြောင်းလဲသွားပါတယ်။ ဒုတိယ ကမ္ဘာစစ် စစချင်းမှာ နယ်ချဲ့သမားအချင်းချင်း တိုက်တဲ့ပွဲပါပဲ။ ဂျာမဏီ၊ အီတလီ၊ ဂျပန်စတဲ့ နယ်ချဲ့ဖက်ဆစ်ဝင်ရိုးတန်း နိုင်ငံတွေနဲ့ အင်္ဂလိပ်ခေါင်းဆောင်တဲ့ ဥရောပနယ်ချဲ့နိုင်ငံတွေ ဆင်နွှဲတဲ့ပွဲပါပဲ။ ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်မှာ ဂျာမဏီက ဆိုဗီယက်ကို ဝင်တိုက်တဲ့အခါမှာတော့ ဒုတိယကမ္ဘာစစ်ကြီးဟာ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအဖြစ် ပြောင်းသွားပါတယ်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာမှာ ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဝင်တိုက်ပြီးတဲ့ အချိန်မှာတော့ အမေရိကန်ဟာ ဒုတိယကမ္ဘာစစ်ထဲ ဝင်လာပါတယ်။ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက်ယူနီယံတို့ကတဖက်၊ ဖက်ဆစ်ဝင်ရိုးတန်း နိုင်ငံတွေကတဖက် ဖြစ်တဲ့ စစ်ပွဲကြီး ဖြစ်သွားပါတော့တယ်။

ဒီအချိန်မှာ ဗမာပြည်ကို ဂျပန်ဖက်ဆစ်နယ်ချဲ့သမားက ဝင်ရောက်လာပြီး အင်္ဂလိပ်နယ်ချဲ့သမားက ဆုတ်ခွာသွားရပြီ ဖြစ်တယ်။ ဗမာပြည်မှာ ဘီအိုင်အေခေါ်တဲ့ ခေတ်နဲ့အညီဖွဲ့စည်းတဲ့ တပ်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်က ဖွဲ့စည်းထားနိုင်ပြီဖြစ်တယ်။ နောက်တော့ ဖက်ဆစ်ဂျပန်က ဗမာပြည်ကို လွတ်လပ်ရေးအတု ကြေညာပေးတယ်။ ဗမာပြည်နိုင်ငံရေး အင်အားစု အသီးသီးနဲ့ ပြည်သူလူထုတရပ်လုံးဟာ ဖက်ဆစ်ဂျပန်လက်အောက်မှာ လောကငရဲကို ခံစားနေရပါတော့တယ်။

ကမ္ဘာမှာ နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေ ပါဝင်ပြီး ဖွဲ့စည်းထားတဲ့ တတိယအင်တာနေရှင်နယ်လို့ခေါ်တဲ့ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်ကြီးဟာ ဂျာမဏီက ဆိုဗီယက်ယူနီယံကို ဝင်တိုက်တဲ့ ၁၉၄၁ ခုနှစ်ကစပြီး ဖက်ဆစ်ဆန့်ကျင်ရေးကို တကမ္ဘာလုံးပါဝင်ကြဖို့ လှုံ့ဆော်ပါတယ်။ သူ့အဖွဲ့ဝင်အားလုံးကိုလည်း တောင်းဆိုပါတယ်။

ဒုတိယကမ္ဘာစစ် အစပိုင်းမှာ အင်္ဂလိပ်နယ်ချဲ့သမားက နိုင်ငံရေးသမား အများအပြားကို ဖမ်းဆီးထားပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ သေသွားအောင် လုပ်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံရေးသမား တော်တော်များများ ထောင်ထဲရောက်ပြီး အကြဲကြဲအကွဲကွဲ ဖြစ်ကြပါတယ်။

ဖက်ဆစ်ဂျပန် ဝင်လာတော့ အင်္ဂလိပ်အဆုတ်မှာ ထောင်တွေဖွင့်လိုက်ရတော့ နိုင်ငံရေးသမားတွေ လွတ်လာပါတယ်။ ဒါပေမဲ့ ဖက်ဆစ်ဂျပန်လက်အောက်မှာ ဘယ်နိုင်ငံရေး ပါတီအဖွဲ့အစည်းမှ တရားဝင်လှုပ်ရှားခွင့် မရှိတာကြောင့် ဂျပန်ဖွဲ့ပေးတဲ့ အစိုးရအဖွဲ့မှာ အာရှလူငယ်အဖွဲ့တို့နဲ့ ဘီအိုင်အေတို့လို အဖွဲ့အစည်းအတွင်းမှာ ဝင်ရောက်ကြရပြီး ကိုယ်ရောင်ဖျောက်ရ၊ မြေလျှိုးကြရပါတယ်။

ဒီလို အခြေအနေမှာ တကယ်လှုပ်ရှားနိုင်တာ ၁၃၀၀ပြည့် အရေးတော်ပုံကလူငယ်တသိုက်ပဲ အဓိက ဖြစ်ပါတယ်။ လူကြီးမျိုးဆက်တွေနဲ့ နိုင်ငံရေးအင်အားစုတွေဟာ လှုပ်ရှားဖို့ အခွင့်မသာဘဲ ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ သခင်စိုးဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူး တာဝန်ယူနေရပြီး၊ ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်ဝန်ကြီး ဖြစ်နေပါတယ်။ တကယ်တော့ လက်ရှိကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနဲ့ ကွန်မြူနစ် ပါတီအထွေထွေအတွင်းရေးမှူးဟောင်းတို့ တွေ့ဆုံဆွေးနွေးကြတာပါပဲ။ သူတို့ ၂ ဦးဟာ လျှို့ဝှက်တွေ့ဆုံကြပြီး ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်တောင်းဆိုချက်နဲ့အညီ ဂျပန်ဖက်ဆစ်ကို တိုက်ဖျက်ဖို့ ဆွေးနွေးကြပါတယ်။ အကျိုးဆက်ကတော့ ဖတပလလို့ ခေါ်တဲ့ အဖွဲ့ချုပ်ကြီးကို ထူထောင်နိုင်ပါတယ်။ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့က တကယ်တော့ လက်ဝဲအင်အားစုတွေနဲ့ တည်ဆောက်ထားတဲ့ တပ်ပေါင်းစု ဖြစ်ပါတယ်။

ဒီလိုတမျိုးသားလုံး အကျိုးစီးပွားနဲ့ ကိုက်ညီတဲ့ လမ်းစဉ်ကိုလည်း ချနိုင်ပြီး ပါဝင်တဲ့ အင်အားစုတွေကလည်း တက်ညီလက်ညီ လုပ်ကိုင်ကြတဲ့အခါမှာ တမျိုးသားလုံးဟာ စည်းရုံးမိလာတယ်။ ဖက်ဆစ်ဂျပန်ကိုလည်း အောင်မြင်စွာ တော်လှန်နိုင်ခဲ့ကြပါတယ်။

ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာ တော်လှန်တိုက်ခိုက်နိုင်တဲ့အတွက် ဗမာပြည်အမျိုးသားလုံးဟာ အထူးပဲ နိုးကြားတက်ကြွ စည်းလုံးနေကြပါတယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုတွေဟာလည်း ဖတပလ အဖွဲ့ချုပ်ထဲ ဝင်ရောက် စုစည်းလာပါတယ်။ ဖဆပလ အဖွဲ့အဖြစ်လည်း နာမည်ပြောင်းလာပါတယ်။ မူလ လက်ဝဲအင်အားစုတွေချည်း ပါဝင်ရာက မျိုးချစ်ပြည်ချစ်စိတ်ရှိတဲ့ လက်ယာအင်အားစုတွေလည်း ပါဝင်လာကြပါတယ်။

အင်္ဂလိပ်နယ်ချဲ့သမားနဲ့ ရင်ဆိုင်ရာမှာတော့ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ ပရိယာယ်ကြွယ်ဝမှု၊ ကောက်ကျစ်စဉ်းလဲယုတ်မာမှု၊ ဖဆပလ အဖွဲ့ထဲပါဝင်နေတဲ့ နိုင်ငံရေးအင်အားစုနဲ့ နိုင်ငံရေးသမားတွေ  ကိုယ်ကျိုးကြည့်ပြီး လူတန်းစားအပြောင်းအလဲတွေ ဖြစ်သွားမှု၊ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမှုတို့ကြောင့် လွတ်လပ်ရေးကို လွတ်လွတ်ကျွတ်ကျွတ် မရလိုက်ပါ။ နိုင်ငံရေးအရ လွတ်လပ်ပြီး၊ စီးပွားရေးအရ နှောင်ကြိုးတန်းလန်းနဲ့ လွတ်လပ်ရေး ဖြစ်သွားပါတယ်။ ၁၉၄၈ ခုနှစ်ဇန္နဝါရီလ ၄ ရက်နေ့မှာတော့ ဗမာပြည်ဟာ လွတ်လပ်တဲ့

နိုင်ငံတခု အဖြစ် ကမ္ဘာကို ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီလွတ်လပ်ရေး ကြေညာစဉ်တုန်း ကလည်း ဆိုရှယ်လစ် စနစ်ကို ချီတက်မယ့်သဘောတွေ ဖော်ပြပါတယ်။ ဒါဟာ ၁၃၀၀ပြည့် အရေးတော်ပုံက တင်ပြတဲ့ လမ်းကြောင်းအတိုင်း ဆက်လျှောက်မယ်ဆိုတဲ့သဘောကို ဖော်ပြတာပါပဲ။

၁၃၀၀ပြည့် အရေးတော်ပုံက တင်ပြတဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေးဆိုတဲ့ လမ်းကြောင်းကို ချီတက်ဖို့ဆိုရင် ပြည့်စုံတဲ့ လွတ်လပ်ရေးကို လုံးပန်းရင်း ဒီမိုကရေစီ အပြည့်အဝရအောင် အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ပြီးပြည့်စုံတဲ့ လွတ်လပ်ရေး၊ ပြည့်ဝတဲ့ ဒီမိုကရေစီ မရှိဘဲနဲ့ ဆိုရှယ်လစ်စနစ်ဆိုတာ ဘယ်လိုမှ သွားလို့ မရပါ။

ဖဆပလ အစိုးရဟာ လွတ်လပ်ရေးကိုလည်း ပြည့်စုံအောင် မလုပ်ဘဲ ဒီမိုကရေစီကိုလည်း ပိတ်ပင်တားဆီးတာ လုပ်လာပါတယ်။ နိုင်ငံရေးသဘောထား ကွဲလွဲမှုဆိုတာ ဘယ်အချိန် ဘယ်ကာလမှာမဆို ရှိတာပါပဲ။ ဖဆပလလို တပ်ပေါင်းစုမှာ လူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီအသီးသီး ပါဝင်ကြတော့ သဘောထားအမျိုးမျိုး ဖော်ပြကြမှာပဲ ဖြစ်ပါတယ်။ ဒါကို ဒီမိုကရေစီ နည်းကျကျ ဖြေရှင်းရပါမယ်။ ဒီလိုမလုပ်ဘဲ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ အဖွဲ့ချုပ်ကနေ ထုတ်ပယ်ခဲ့ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက်၊ လွတ်လပ်ရေးအတွက် ဒီမိုကရေစီဘောင်အတွင်းမှာပဲ ဖဆပလအဖွဲ့ချုပ်နဲ့အတူ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေးကို စိုက်လိုက်မတ်တတ်လုပ်ပါတယ်။ တချိန်တည်းမှာ ဖဆပလနဲ့ ကွန်မြူနစ်ညီညွတ်ရေးကို ကြိုးပမ်းခဲ့တယ်။ လွတ်လပ်ရေးကြေညာပွဲလည်း တက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး ပထမဆုံး ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာလည်း တက်ရောက်ပြီး တိုင်းရေးပြည်ရာတွေကို တက်တက်ကြွကြွပဲ ဆွေးနွေးခဲ့ပါတယ်။

ဒါပေမဲ့ ဆိုရှယ်လစ်ပါတီက လွှမ်းမိုးတဲ့ ဖဆပလအစိုးရဟာ ကွန်မြူနစ်ပါတီရဲ့ ဒီမိုကရေစီအခွင့်အရေးကို အသုံးချပြီး မတူတဲ့ အမြင်တင်ပြတာကို လက်မခံပါဘူး။ ဒီမိုကရေစီအခွင့်အရေးတွေကို တားဆီးပိတ်ပင်ပါတယ်။ အမြင်မတူသူတွေကို အကြမ်းဖက် ဖိနှိပ်ပါတယ်။ သတင်းစာတွေကို လူစုလူဝေးနဲ့ အကြမ်းဖက် ဖျက်ဆီးတာကအစ လူမိုက်ဂိုဏ်းဆန်ဆန် ဖြေရှင်းတာမျိုးတွေ လုပ်တယ်။ ဖမ်းဆီး ထောင်ချတာတွေ လုပ်တယ်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာတော့ ကွန်မြူနစ်ပါတီခေါင်းဆောင်အားလုံးဖမ်းပြီး ကွန်မြူနစ်ပါတီကို အပြတ်ရှင်းဖို့ လုပ်ရာမှာ မအောင်မမြင် ဖြစ်သွားလို့ ဗမာပြည်ကွန်မြူနစ်ပါတီလည်း တောခိုသွားရတဲ့ အခြေအနေ ဖြစ်သွားပါတယ်။ ဗမာပြည်ပြည်တွင်းစစ်မီးဟာ တဟုန်းဟုန်းတောက်လောင်သွားရပါတော့တယ်။ ဗမာပြည် အမျိုးသား သွေးစည်းညီညွတ်

ရေးဟာလည်း ပြိုကွဲသွားပါတယ်။ အဲဒီအချိန်ကစပြီး ဖဆပလအစိုးရဟာ ဗမာပြည် ကွန်မြူနစ် ပါတီကိုရော၊ ကွန်မြူနစ်ဝါဒကိုရော ဆန့်ကျင်တာ တရစပ် လုပ်တော့တာပါပဲ။ ပြည်သူလူထုကြီးကို ဖိနှိပ်တဲ့ အစိုးရအဖြစ်လည်း ပုံပေါ်လာပါတော့တယ်။ ဖဆပလ အဖွဲ့ကြီးဟာ ပြည်သူ့အကျိုးဆောင်ရွက်ခဲ့တဲ့အစဉ်အ လာကို စွန့်ပယ်ပြီး ပြည်သူလူထုကို ဖိနှိပ်တဲ့ အစိုးရရဲ့အဖွဲ့ကြီးဖြစ်သွားပါတော့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း အဲဒီအချိန်ကစပြီး ဗမာပြည် ပြည်သူတရပ်လုံး၊ တမျိုးသားလုံး လွတ်မြောက်ဖို့ဆိုရင် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး လမ်းကြောင်းပဲ လျှောက်ရလိမ့်မယ်ဆိုပြီး တင်ပြခဲ့တာ ကနေ့အထိပါပဲ။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဆိုတာ အလုပ်သမားလူတန်းစား၊ လယ်သမား လူတန်းစား၊ ခနရှင်ပေါက်စ လူတန်းစားနဲ့ မျိုးချစ်ပြည်ချစ်အရင်းရှင် လူတန်း စားတွေ ဒီမို ကရေစီ အပြည့်အဝ ရရှိရေးပဲ ဖြစ်တယ်။ တနည်းအားဖြင့် အဲဒီ လူတန်းစား ၄ ရပ်လုံး လွတ်မြောက်ရေးဖြစ်တယ်။ အဲဒီလူတန်းစား ၄ ရပ်ထဲမှာပါဝင်တဲ့ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး လွတ်မြောက်ရေးဖြစ်ပါတယ်။

ပြည်တွင်းစစ်စဖြစ်တဲ့ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့ကစပြီး နောက် တပတ် အကြာ ၁၉၄၈ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ဖဆပလ အဖွဲ့ထဲ မပါတဲ့ တို့ဗမာအစည်းအရုံးဝင် သခင်တွေကို ပြန်လည်စုစည်းပြီး တို့ဗမာ အစည်း အရုံးကို ပြန်ထူထောင်ပြီး ကြားလူတွေအဖြစ် ဆောင်ရွက်ဖို့ အားထုတ်တယ်။ ဆိုရှယ်လစ် တွေနဲ့ ကွန်မြူနစ်တွေဟာ သူ့ရဲ့ တပည့်တွေချည်းပဲဖြစ်တော့ သူက ကြားဝင်ပြီး ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေးကို လုံးပန်းတာပါ။ ဒါပေမဲ့ ဖဆပလအစိုးရဟာ စေ့စပ်ဆွေး နွေးဖြေရှင်းရေးကို လက်မခံဘဲ အပြုတ်တိုက်ရေးသာလုပ်ပြီး ဒီမိုကရေစီ ဆိတ်သုဉ်းသထက် ဆိတ်သုဉ်းအောင် လုပ်လာတာကြောင့် ပြည်တွင်းစစ်ဟာ နက်ရှိုင်းသထက် နက်ရှိုင်းလာ တော့တယ်။ ၁၉၄၉ ခု၊ နှစ်ဦးပိုင်းမှာတော့ KNDO အပါအဝင် လူမျိုးစုတွေဟာလည်း တဖွဲ့ဖွဲ့ တောခိုရတဲ့ဘဝကို ရောက်လာရပါတော့တယ်။ ဗမာပြည် လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကို ဖဆပလ အစိုးရက ရောင်စုံသူပုန်ဆိုပြီး နာမည်တပ်ပါတော့တယ်။

ဒုတိယကမ္ဘာစစ် ပြီးတဲ့နောက်မှာ အင်္ဂလိပ်နယ်ချဲ့သမားဟာ ခြေကုန်လက်ပမ်း ကျသွားပါတယ်။ အမေရိကန်နယ်ချဲ့သမားဟာ အားကောင်းမောင်းသန် ခေါင်းထောင် လာနိုင်ပြီး အရင်းရှင်နယ်ချဲ့သမားလောကမှာ ခေါင်းဆောင်နေရာရလာခဲ့ပါတယ်။ ဒါ ကြောင့် ကမ္ဘာ့ကုလသမဂ္ဂကို အမေရိကန်နယ်ချဲ့သမား စိတ်ကြိုက်ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်အပြီးမှာ ဆိုဗီယက်ယူနီယံကလည်း စစ်နိုင်သူ ဖြစ်ရုံမက ဥရောပမှာ ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ပေါက်လာပြီး ဆိုရှယ်လစ်ဂိုဏ်းကြီးကလည်း ပေါ်ထွက်လာတော့ ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းတဲ့အခါ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်အဖြစ် ဆိုဗီယက်

ယူနီယံကို လက်ခံထားရပါတယ်။ တဖက်မှာ အမေရိကန်ဟာ သူ့ဘက်မဲသာဖို့အတွက် ချန်ကေရှိတ်တရုတ်အစိုးရကိုလည်း အမြဲတမ်းအဖွဲ့ဝင်အဖြစ် ထည့်ပေးလိုက်ပါတယ်။ ဒီနည်းနဲ့ ကမ္ဘာ့ကုလသမဂ္ဂမှာ အရင်းရှင်နယ်ချဲ့သမားဂိုဏ်းနဲ့ ဆိုရှယ်လစ်ဂိုဏ်း နှစ်ခုဟာ အမြဲထိပ်တိုက် ရင်ဆိုင်လာရပါတယ်။ အဲဒီအခြေအနေကြောင့်ပဲ ကမ္ဘာ ပေါ်မှာ စစ်အေး တိုက်ပွဲဆိုတာ ဖြစ်ပေါ်လာတာပါ။

၅၀ ခုနှစ်တွေထဲမှာ ရောက်တော့ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်စ နိုင်ငံ တွေဟာ လွတ်လပ်ရေးထိန်းသိမ်းရေး၊ နယ်ချဲ့ဆန့်ကျင်ရေးအတွက် အချင်းချင်း ပူးပေါင်း ဆောင်ရွက်ကြဖို့ ဘက်မလိုက်ကြားနေရေး အုပ်စုကို ထူထောင်ကြပါတယ်။ တရုတ် ပြည်ဟာ ၁၉၄၉ ခုနှစ်မှာ လွတ်မြောက်သွားပြီး ကွန်မြူနစ်ပါတီ အာဏာရသွားပါတယ်။ တရုတ် ကွန်မြူနစ်အစိုးရ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂမှာ နေရာမပေး ပါဘူး။ ထိုင်ဝမ်ကို ထွက်ပြေးနေရတဲ့ ချန်ကေရှိတ်အစိုးရကိုပဲ နေရာပေးမြဲ ပေးထားပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရဟာ ဘက်မလိုက်ကြားနေရေးလှုပ်ရှားမှုကို တက်တက် ကြွကြွ ထောက်ခံပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့မှာ လွတ်လပ်စနိုင်ငံတွေ တွေ့ဆုံ ဆွေးနွေးပြီး ဘန်ဒေါင်းမူကို ချမှတ်ပါတယ်။ နိုင်ငံအချင်းချင်းဆက်ဆံရာမှာ ထားရမယ့် မူတွေပါ။ နောင်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်လို့ ထင်ရှားလာပြီး၊ ကမ္ဘာ့ကုလသမဂ္ဂမှာလည်း အဲဒီမူကို ကနေ့အထိ တရားဝင် ကျင့်သုံးပါတယ်။ ဗမာပြည် ဖဆပလ အစိုးရဟာ အဲဒီမူ ၅ ချက် ချမှတ်ရာမှာ ကမကထလုပ်သူတွေထဲမှာ ပါဝင်ခဲ့ ပါတယ်။

ဒီလိုလှုပ်ရှားမှုတွေအပြင် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေလည်း တကမ္ဘာ လုံးမှာ လှုပ်ရှားနေကြတာကြောင့် အမေရိကန် ခေါင်းဆောင်တဲ့ နယ်ချဲ့သမားအုပ်စုတွေရဲ့ တတိယ ကမ္ဘာစစ်ဖန်တီးရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို တားဆီးနိုင်ခဲ့ပါတယ်။ ဗမာပြည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်အဖွဲ့ကြီးကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းပဲ ခေါင်းဆောင် လှုပ်ရှားခဲ့ပါတယ်။ ဒီလှုပ်ရှားမှုတွေကြောင့် ကမ္ဘာစစ်ကြီးကို တားဆီးနိုင်ခဲ့ ပေမယ့် ဒေသစစ် တွေကို မတားဆီးနိုင်ခဲ့ပါ။ ဗမာပြည် ပြည်တွင်းစစ်ကိုလည်း မရပ်စဲနိုင်ခဲ့ပါ။ အမေရိကန်ရဲ့ အနီလိုင်းတားဆီးရေးပေါ်လစီကြောင့် ဒေသစစ်ပွဲတွေ ဆက်ဖြစ်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာအနှံ့အာဏာသိမ်းပွဲတွေဖြစ်အောင် သွေးထိုးလှုံ့ဆော်ရုံမက ကိုယ်ထိ လက်ရောက်လည်း ပါဝင်လေ့ရှိပါတယ်။

ကမ္ဘာမှာ စစ်အေးကာလကြီးလည်း ဖြစ်နေချိန် ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ် နေတော့ ဗမာပြည်မှာ စစ်အုပ်စုဖွဲ့တည်ဖို့ အခွင့်အလမ်းပေါ်လာပါတယ်။ ဖဆပလ အစိုးရ ဟာ ပြည်တွင်းစစ်ကိုတိုက်ရင်း ဗိုလ်နေဝင်းနဲ့ တပ်ထဲမှာ ကြီးစိုးနေတဲ့ ဆိုရှယ်လစ် စစ်ဗိုလ်

တွေကို ပစားပေးလာရပါတယ်။ အဲဒီစစ်ဗိုလ်တစုဟာ စစ်အုပ်စုကို ဖွဲ့စည်းလာပြီး ၅၈ မှာ ဖဆပလ အကွဲအပြဲကို အကြောင်းပြုပြီး အကဲစမ်း အာဏာသိမ်းပါတယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေလုပ်ဖို့ ၆၀ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပပြီး ပထစကို အာဏာလွှဲအပ်ပါတယ်။ ဒါပေမဲ့ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့မှာတော့ ဗိုလ်နေဝင်းစစ်အုပ်စုဟာ အပြီးအပိုင် အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို ထူထောင်ပါတော့တယ်။ ဗိုလ်နေဝင်းဟာ ၁၉၆၃ ခုနှစ်မှာ ဟန်ပြငြိမ်းချမ်းရေးဆွေးနွေးပွဲကို လုပ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က အဆိုပြုထားတဲ့ သူမနာကိုယ်မနာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တည်ဆောက်ရေးကို ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် တောတွင်း လက်နက်ကိုင် အင်အားစုတွေက လက်ခံခဲ့ပေမယ့် ဗိုလ်နေဝင်းစစ်အုပ်စုက လက်နက်ချရေး အပြတ်တိုက်ရေးပဲ ချမှတ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားရပါတယ်။ ဒီအချိန်ကစပြီး ဗမာပြည်ဟာ စစ်အာဏာရှင်စနစ်သာ တောက်လျှောက်ကြီးစိုးမင်းမူနေတာ ကနေ့အထိပါပဲ။

မဆလဟာ စစ်အစိုးရကို ဆိုရှယ်လစ်အတု မျက်နှာဖုံးတပ်ပေးထားတဲ့ စစ်အုပ်စုရဲ့ နိုင်ငံရေးပါတီတခုသာ ဖြစ်ပါတယ်။ အဲဒီကာလမှာ လက်နက်ကိုင်တိုက်ပွဲဝင်တဲ့ နိုင်ငံရေးအင်အားစုကလွဲရင် ဘယ်နိုင်ငံရေးအင်အားစုမှ ရပ်တည်နိုင်စွမ်းမရှိပါဘူး။ ဒါကြောင့် ပြည်တွင်းစစ်ဟာ ပိုမိုနက်ရှိုင်းကျယ်ပြန့်ပြီး ပိုရက်စက် ပိုပြင်းထန်ပါတယ်။ ဘယ်လူတန်းစားလူ့အလွှာမှ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်မရှိပါ။ ဒါကြောင့် ကျောင်းသားတွေရဲ့ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု၊ အလုပ်သမားတွေရဲ့ လှုပ်ရှားမှုတွေ ပေါ်ပါတယ်။ အားလုံး အကြမ်းဖက် နှိမ်နင်းခံရပါတယ်။

၁၉၈၈ ခုနှစ်မှာတော့ လူထုအုံကြွပေါက်ကွဲမှုကြီး ပေါ်ပေါက်လာပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံ နှစ် ၅၀ ပြည့်နဲ့လည်း တိုက်ဆိုင်ပါတယ်။ တကယ်တော့လည်း ၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ အဆက်လို့လည်း ပြောလို့ရပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံက စပြီး လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးလမ်းကြောင်းကို တင်ပြလာတာမှာ လွတ်လပ်ရေးဟာ မပြည့်မစုံရခဲ့ပြီး၊ ဒီမိုကရေစီကတော့ လုံးဝကို မရှိတာကြောင့် ၈လေးလုံးလို့ပဲခေါ်ခေါ်၊ ၈၈ အရေးအခင်းလို့ပဲဆိုဆို ဒီအရေးတော်ပုံကြီးဟာ ဒီမိုကရေစီ အရေးတော်ပုံကြီးဖြစ်ခဲ့ပါတယ်။ တချို့ကလည်း ဒုတိယအကြိမ် လွတ်လပ်ရေး ကြိုးပမ်းမှုလို့လည်း ဆိုပါတယ်။

၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးကို စစ်အုပ်စုက နဝတဆိုတဲ့ စစ်အစိုးရကို ဖွဲ့စည်းပြီး အကြမ်းဖက် နှိမ်နင်းလိုက်ပါတယ်။ ဒီအရေးတော်ပုံကြီးရဲ့ ထူးခြားချက်ကတော့ ကျောင်းသားလောက လှုပ်ရှားမှုက စတင်ဖောက်ခွဲလိုက်ပြီး မြို့နေခေနရှင်ပေါက်စ ပညာတတ်တွေကနေမှ မြို့နေဆင်းရဲသား၊ ကုန်သည်ပွဲစား၊ အမှုထမ်းအရာထမ်းစသည်ဖြင့် တစ

တစ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာပြီး အထွေထွေသပိတ်ကြီးအဖြစ် တပြည်လုံးပျံ့နှံ့ သွားတာပဲ ဖြစ်တယ်။ ကျေးလက်ဒေသတွေအထိ ပျံ့နှံ့သွားပါတယ်။ ဒီအရေးတော်ပုံကြီးကို နဝတက အကြမ်းဖက်ဖြိုခွဲလိုက်နိုင်ပေမယ့် စစ်အုပ်စုဘက်က သူ့မဆလပါတီကို ဖျက်သိမ်းပေးလိုက်ရတယ်။ နိုင်ငံရေးပါတီ အများအပြား ဖွဲ့စည်းခွင့်ပေး လိုက်ရတယ်။ ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရတဲ့ပါတီတွေကို အာဏာလွှဲပေးမယ်ဆိုတဲ့ ကတိနဲ့ နဝတက တက်လာရတာဖြစ်နေပြန် တယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမယ်ဆိုတဲ့ ကတိတွေ နဝတက ပေးရပါတယ်။

အဲဒီကတိတွေပေးတာဟာ တကယ်တော့ နိုင်ငံရေးအင်အားစု အတော်များများကို တွေဝေသွားအောင် လုပ်တာဖြစ်ပြီး၊ အာဏာကိုအမိအရကိုင်နိုင်ဖို့ စစ် အုပ်ချုပ်ရေးကို အသားကျအောင်လုပ်ရေးသာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီ အ များအပြားကို အကြောင်းအမျိုးမျိုးပြပြီး ဖျက်သိမ်းပါတယ်။ ရွေးကောက်ပွဲကို ၉၀ ခုနှစ်မှာ ကျင်းပတဲ့အချိန်မှာတော့ နိုင်ငံရေးပါတီတွေ ဆယ်ဂဏန်းပဲ ကျန်ပါတော့တယ်။ ရွေးကောက်ပွဲမှာ ၃ နေရာအထိ အရွေးမခံရင် အဲဒီနိုင်ငံရေးပါတီကို ဖျက်ပစ်ပြီး အရွေးခံရသူကိုတော့ တသီးပုဂ္ဂလ အမတ်အဖြစ် လက်ခံမယ်ဆိုပြီး လုပ်ပြန်ပါတယ်။ အဲဒီလို စည်းကမ်းတွေ တင်းကျပ်ပြီး ဒေါ်အောင်ဆန်းစုကြည်လို နိုင်ငံရေးခေါင်းဆောင်တွေကို ဖမ်းဆီးထားတဲ့ အခြေအနေမှာ ရွေးကောက်ပွဲကို လုပ်တာပါ။ မဆလ တဖြစ်လဲ တစည ပါတီ နိုင်မယ်တွက်ပြီး စစ်အုပ်စုက ရွေးကောက်ပွဲကို အလောတကြီး လုပ်ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရတော့ စစ်အစိုးရဟာ သူ့ကတိကို သူပြောင်ပဲ ချိုးဖောက်ပါတော့တယ်။

စစ်အစိုးရကို ဆန့်ကျင်တဲ့ ၈၈ အရေးတော်ပုံမှာ မြေပေါ်လှုပ်ရှားမှု၊ ဒါမှမဟုတ် ဥပဒေတွင်းလှုပ်ရှားမှုနဲ့ ဥပဒေပ ဒါမှမဟုတ် တောတွင်းလက်နက်ကိုင်အင်အားစုတွေရဲ့ လှုပ်ရှားမှုတွေဟာ ဆက်စပ်မှု ပေါင်းစပ်မှု အားနည်းခဲ့တယ်။ ဒါကြောင့် စစ်အစိုးရကလည်း တောတွင်းအင်အားစုတွေအပေါ် ထားခဲ့တဲ့ အပြုတ်တိုက်ရေးပေါ်လစီ ဆက်ထားမြဲ ထားခဲ့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် တောတွင်းလက်နက်ကိုင် အင်အားစုတွေရဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေး ဆိုတာတွေကို စစ်အစိုးရက လက်နက်ချအညံ့ခံရေးတောင်းဆိုချက်နဲ့ တုံ့ပြန်ခဲ့တယ်။ ၁၉၈၉ ခုနှစ်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာ ပြိုကွဲမှုပေါ်ပေါက်လာတယ်။ အဲဒီလို ဖြစ်လာပြီးတဲ့နောက် ဗမာပြည်ကွန်မြူနစ်ပါတီထဲက ခွဲထွက်သွားတဲ့ လက်နက်ကိုင်အင်အားစုတွေဟာ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာကို လုပ်လာတယ်။ အဲဒီနောက်မှာတော့ လက်နက်ကိုင်အင်အားစု တော်တော်များများ စစ်အစိုးရနဲ့

အပစ်အခတ် ရပ်စဲရေးလုပ်လိုက်ကြတယ်။ အပစ်အခတ်ရပ်စဲရေးဟာ ငြိမ်းချမ်းရေး တည်ဆောက်တာ မဟုတ်သလို ဥပဒေပအဖွဲ့အစည်းတွေကို ဥပဒေတွင်းအဖွဲ့အစည်း အဖြစ် အသိအမှတ်ပြုပြီး နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းတာလည်း လုပ်တာမဟုတ်တော့ ဗမာ ပြည်မှာ ဖားတပိုင်း ငါးတပိုင်း နိုင်ငံရေးအင်အားစုတွေ ပေါ်လာရပြန်တယ်။

၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး လုံးပန်းကြရင်းနဲ့ မှတ်ပုံ တင်ထားတဲ့ နိုင်ငံရေးပါတီတွေက လူတွေ တော်တော်များများ အဖမ်းခံရပြန်တယ်။ အဖမ်းမခံတဲ့လူတွေက တောခိုသူခို၊ ပြည်ပထွက်သူထွက်နဲ့ ဥပဒေပကို ရောက်သွားကြပြန် တယ်။ မကဒတ ကိုတော့ န၀တ စပြီး အာဏာသိမ်းကတည်းက တောခိုလာသူတွေနဲ့ ဖွဲ့စည်းထားနိုင်ခဲ့ပြီးဖြစ်တယ်။

စစ်အစိုးရဟာ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို လုံး၀ဖျက်သိမ်းဖို့နဲ့ စစ်အုပ်စု မင်းဆက်တည်မြဲမယ့် အခြေခံဥပဒေတရပ်ကို ရရှိဖို့ အမျိုးသားညီလာခံဆိုတာကို ဇွတ်ပဲ လုပ်ပါတော့တယ်။ ဒါဟာလက်ရှိ ဗမာပြည်ရဲ့ နိုင်ငံရေးအခင်းအကျင်း အရှုပ်အထွေး အသွင် အပြင် အကြမ်းဖျင်းသဘောဖြစ်တယ်။

ဒီလိုအတွင်းကြောင်းတွေဖြစ်ပေါ်နေတာကို မီးလောင်ရာလေပင့်ဖြစ်စေတဲ့ နိုင်ငံတကာအဖြစ်အပျက်တွေကလည်း ရှိနေတယ်။ ၆၀ ခုနှစ်တွေကစပြီး ကမ္ဘာ့ဆိုရှယ် လစ်အုပ်စု အကွဲအပြဲဟာ အထွတ်အထိပ် ရောက်ခဲ့တယ်။ ၇၀ ခုနှစ်တွေကျတော့ စစ်အေး တိုက်ပွဲ အသွင်အပြင်ဟာ စတင်ပြောင်းလဲလာခဲ့တယ်။ ကမ္ဘာ့ဆိုရှယ်လစ်အုပ်စုဟာ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို အပြတ်သားဆုံး ထောက်ခံ အားပေးပြီး အရှိန်အဟုန်နဲ့ ထောက်ခံကူညီနေရာက ဆိုရှယ်လစ်ဂိုဏ်းကြီး ပြို ကွဲသွားတဲ့ အခါမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီ ထွန်းကားရေး တိုက်ပွဲဟာ အတော်ပဲ အားပြတ်သွားရပါတယ်။ ၇၀ ခုနှစ်တွေမှာ တရုတ် ပြည်သူ့သမ္မတ နိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂမှာ တရား၀င်နေရာ ရရှိလာပါတယ်။ ဒါပေမဲ့ ဆိုရှယ်လစ်ဂိုဏ်း ကြီးဟာ တစစီပြိုကွဲနေ ပါပြီ။ ၉၀ ခုနှစ်ရောက်တဲ့အခါမှာ ဆိုဗီယက်ယူနီယံ ပြိုကွဲပါတယ်။ စစ်အေးတိုက်ပွဲလည်း ပြီးဆုံးသွားပါတယ်။ အမေရိကန်နယ်ချဲ့သမားဟာ အင်ဒိုချိုင်းနား စစ်ပွဲမှာ ခွက်ခွက်လန်ရှုံးသွားပေမယ့် စစ်အေးတိုက်ပွဲမှာ အသာစီးရသွားတာကြောင့် အရင်းရှင်အုပ်စုမှာရော၊ ကမ္ဘာမှာရော တခုတည်းသော အင်အားလွန်နိုင်ငံ၊ တဦးတည်း သော ခေါင်းဆောင်ဆိုပြီး သူ့ကိုယ်သူ ကြွေးကြော်လာပါတယ်။ သူကိုယ်တိုင် ဗိုလ်ကျ စိုးမိုးရေး လုပ်ပေမယ့် ပါးစပ်က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အမြှုပ်ထလောက်အောင် ပြောပါတော့တယ်။ စစ်အေးတိုက်ပွဲအပြီးမှာ နိုင်ငံတိုင်းဟာ ကမ္ဘာ့အခင်းအကျင်းမှာ နေရာယူမှု အပြောင်းအလဲတွေ လုပ်လာကြရပါတယ်။ ဒီလိုကမ္ဘာ့အခင်းအကျင်း ပြောင်းလဲ

သွားပြီး နိုင်ငံတိုင်းဟာ ကိုယ့်အဆင့်နေရာကို ထိန်းသိမ်းရေး အဓိက လုံးပန်းနေရတဲ့အချိန်နဲ့ အခြေ အနေဟာ ဗမာပြည်စစ်အစိုးရအတွက် ထင်ရာစိုင်းခွင့်ပေးသလို ဖြစ်သွားပါတယ်။ ဒါကြောင့် ၉၀ ခုနှစ်နောက်ပိုင်းမှာ စစ်အစိုးရဟာ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ ထင်ရာစိုင်း ပေါ်လစီတွေ ချလာပါတယ်။ စစ်အစိုးရ ကနေ့ပြောနေတဲ့ အမျိုးသားနိုင်ငံရေးတို့၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ဆိုတာ စစ်အစိုးရထင်ရာစိုင်းတဲ့ ပေါ်လစီတွေရဲ့ ဖော်ပြချက်ပဲ ဖြစ်တယ်။

ကနေ့ကမ္ဘာမှာ အမေရိကန်ဟာ သူ့ရဲ့ ဗိုလ်ကျစိုးမိုးရေးကို အကောင်အထည် ဖော်ဖို့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အသုံးချပြီး ကမ္ဘာ့အသံကုန်ဟစ်ရင်း ဝင်ရိုးတခုတည်းရှိတဲ့ စည်း စနစ်တခု ပေါ်လာအောင် လုံးပန်းနေပါတယ်။ နိုင်ငံတချို့က အမေရိကန်ဆီက ဝေစုကို မျှော်ရင်း ဂျူနီယာပတ်တနာအဖြစ်နဲ့ လိုက်ကာ သူ့နိုင်ငံအဆင့်နေရာကို ထိန်းသိမ်းဖို့ ကြိုးပမ်းပါတယ်။ တချို့ကတော့ အမေရိကန်ရဲ့ ဗိုလ်ကျစိုးမိုးမှုကို ဆန့်ကျင်ပြီး ကမ္ဘာမှာ ဝင်ရိုးအများစနစ်ရှိတဲ့ ကမ္ဘာ့စည်းစနစ်တခု ဖြစ်လာအောင် လုံးပန်းနေကြပါတယ်။ အဲဒီ နည်းနဲ့ သူ့တိုင်းပြည် သူ့အမျိုးသား အဆင့်နေရာ ရှိရေးနဲ့ ကြီးပွားတိုးတက်ရေးကို လုံးပန်း နေကြပါတယ်။ နိုင်ငံချင်းဆက်ဆံရေးမှာလည်း အစိုးရချင်းဆက်ဆံရေးကိုပဲ အဓိကထား နေရတဲ့ အချိန်ဖြစ်နေပါတယ်။ ဒီလိုကာလမျိုးမှာ နိုင်ငံငယ်ကလေးတွေမှာ အမြော်အမြင် ရှိတဲ့ အစိုးရ တရပ်ရှိနေပြီး အမျိုးသားစည်းလုံးညီညွတ်မှု ရှိနေတယ်ဆိုရင် ခံသာသေး ပေမယ့် ငြိမ်းချမ်းရေးမရှိ၊ အမျိုးသားစည်းလုံးညီညွတ်မှုမရှိ၊ အမြော်အမြင်မရှိတဲ့ စစ်အစိုးရတရပ် အာဏာရှိနေတဲ့ ဗမာပြည်လို နိုင်ငံကတော့ ဆင်းရဲမွဲတေပြီး ကမ္ဘာမှာ ဘာအဆင့်နေရမှ မရှိတဲ့ ကျွန်းနိုင်ငံဖြစ်ဖို့သာများပါတယ်။

ဒီ၂၀ ရာစု ဗမာပြည်ခေတ်သစ်နိုင်ငံရေးလှုပ်ရှားမှုတခုလုံးကို ပြန်ကြည့်ရင် လွတ်လပ်ရေးတိုက်ပွဲကို မျိုးဆက်နဲ့ချီပြီးလုပ်ရသလို ဒီမိုကရေစီတိုက်ပွဲကိုလည်း မျိုးဆက် နဲ့ချီပြီးလုပ်နေရတာ တွေ့ရမှာပဲ ဖြစ်တယ်။ ဒီလိုမျိုးဆက်တွေနဲ့ ချီပြီးလုပ်ရတဲ့အထဲမှာ ၁၃၀၀ ပြည့်အရေးတော်ပုံက မွေးထုတ်လိုက်တဲ့လူငယ်မျိုးဆက်က သိပ်ထူးခြားပါတယ်။ ဒီမျိုးဆက်မှာ ဗမာပြည်တမျိုးသားလုံးကို စည်းလုံးစေနိုင်ခဲ့ပြီး ဖက်ဆစ်ဂျပန်ကို အောင်မြင် စွာ တော်လှန်နိုင်ခဲ့တယ်။ လွတ်လပ်ရေး (ပြည့်စုံတဲ့ လွတ်လပ်ရေး ဖြစ်တာ မဖြစ်တာ အပထား) ကို ရရှိအောင် လုံးပန်းနိုင်ပြီး၊ ဒီမိုကရေစီရေးတိုက်ပွဲကို ဆင်နွှဲနိုင်ခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။ တဆက်တည်းမှာ အဲဒီလူငယ်မျိုးဆက်တွေ လက်ထက်မှာပဲ ဗမာပြည် အမျိုးသား စည်းလုံးညီညွတ်မှုဟာ ပြိုကွဲသွားပြီး ဒီမိုကရေစီလည်း ဆိတ်သုဉ်း လိုက်လာကာ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်လောင်ရတဲ့ ဘဝကို ရောက်ပြီး ဒီမျိုးဆက် တွေ လက်ထက်မှာပဲ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ဆိုတာ ပေါ်ပေါက်လာခဲ့တယ်။

၁၃၀၀ ပြည့် အရေးတော်ပုံက မွေးထုတ်လိုက်တဲ့ လူငယ်မျိုးဆက်တွေမှာ အဲဒီလို မတူတဲ့အင်အားစုတွေ အသီးသီး ကွဲသွားပြီး (တကယ်တော့ သက်ဆိုင်ရာ လူတန်းစားကို ကိုယ်စားပြုတဲ့ အင်အားစု တွေအဖြစ် ကွဲသွားတာ ဖြစ်တယ်။) အဲဒီအင်အားစုအ သီးသီးရဲ့ ပဋိပက္ခကို တဖက်ကိုတဖက် အပြတ်ချေမှုန်းပစ်ရေးနည်းနဲ့ ဖြေရှင်းခဲ့ကြတော့ ပြည်တွင်းစစ်ဟာ ကနေ့အထိ အတောမသတ်နိုင်တာ ဖြစ်တယ်။ နောက်တက်လာတဲ့ မျိုးဆက်တွေဟာ အဲဒီ ၁၃၀၀ ပြည့် အရေးတော်ပုံက လူငယ်မျိုးဆက်တွေနောက်ကို သူ့လူတန်းစား၊ သူ့အင်အားစုအလိုက် ဆက်လိုက်သွားတာကြောင့် နောက်မျိုးဆက်တွေဟာလည်း ရှေ့ကမျိုးဆက်တွေအတိုင်းပဲ ဗမာပြည်နိုင်ငံရေးဇာတ်ခုံမှာ ဝင်ကကြရတယ်။ ဒီတော့ ဗမာပြည်ဒီမိုကရေစီရေးဟာလည်း မျိုးဆက်နဲ့ချီ ကြာသွားရပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံက မွေးထုတ်လိုက်တဲ့ လူငယ်မျိုးဆက်တွေမှာ ပင်ကိုယ်မှာကိုက မတူတဲ့လူတန်းစားတွေကို အသီးသီး ကိုယ်စားပြုလာကြပါတယ်။ ဒါပေမဲ့ အားလုံးဟာ တိုင်းပြည်လွတ်လပ်ရေးအတွက်ဆိုတဲ့ တိုင်းပြည်နဲ့လူမျိုး (လူမျိုးစုံ ပြည်သူတရပ်လုံး) အကျိုးအတွက်ဆိုတဲ့ တူညီတဲ့အကျိုးစီးပွားအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခဲ့ကြတာကြောင့် စည်းလုံးညီညွတ်ခဲ့ကြတယ်။ မတူတဲ့လူတန်းစားကို ကိုယ်စားပြုလို့ ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေကို နောက်တန်းကို တွန်းပို့ထားနိုင်ခဲ့ကြတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရဖို့ အရိပ်အရောင်ပေါ်လာတဲ့ အချိန်မှာ ခေရှင်လူတန်းစားကို ကိုယ်စားပြုသူတွေဟာ ကိုယ်ကျိုး ကြည့်လာကြတယ်။ လွတ်လပ်ရေးတကယ်ရရင် ဒီမိုကရေစီကို တကယ် အကောင်အထည်ဖော်ရင် အာဏာဟာ ပြည်သူ့လက်ထဲကို ရောက်ရမှာ ဖြစ်တယ်။ ဒီတော့ ကိုယ်ကျိုးကြည့် တဲ့ ခေရှင်လူတန်းစားကို ကိုယ်စားပြုတဲ့ အင်အားစုဟာ နိုင်ငံရေးအာဏာကို အရယူလိုက်ပြီး ပြည်သူဆန့်ကျင်ရေးကို လုပ်ရပါတော့တယ်။ အဲဒါကြောင့် ပြည်သူကို လူထုအကျိုးကို ကိုယ်စားပြုပြီးတင်ပြတဲ့ အမြင်ကို လက်မခံနိုင်ရုံမက ပြည်သူလူထု အကျိုးအတွက် လှုပ်ရှားမှုတွေကို တားဆီးပိတ်ပင်လာတယ်။ ဒီလိုပဋိပက္ခတွေ ပြင်းထန်လာတော့ အုပ်စိုးသူလူတန်းစားဖြစ်သွားတဲ့ ဖဆပလ အစိုးရကို ဦးဆောင်တဲ့လူတွေဟာ ပဋိပက္ခကို ဒီမိုကရေ စီနည်းကျကျ မဖြေရှင်းဘဲ အကြမ်းဖက်တဲ့နည်းနဲ့ ဖြေရှင်းတဲ့အတွက် ပြည်တွင်းစစ် ဖြစ်လာ ရတာဖြစ်တယ်။ ပြည်တွင်းစစ်ရပ်စဲရေးကို လုံးပန်းကြတဲ့အခါမှာလည်း အုပ်စိုးသူ အစိုးရ အဆက်ဆက်ဟာ အပြုတ်တိုက်ရေးနည်းပဲ ဆုပ်ကိုင်ထားတာကြောင့် ပြည်တွင်း စစ် မရပ် စဲနိုင်ဘဲ ဗမာပြည်မှာ နိုင်ငံရေးဟာ သပွတ်အူလည်ရတဲ့ဘဝ ရောက်နေတော့တာပဲ။

ပြည်တွင်းစစ် စစချင်းမှာပဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအမှူးပြုတဲ့ မျိုးချစ်ပြည်ချစ် ငြိမ်းချမ်းရေးအင်အားစုတွေက တွေ့ဆုံ ဆွေးနွေးကြပြီး သူမနာကိုယ်မနာ ငြိမ်းချမ်း

ရေးတည်ဆောက်ကြဖို့ ဆော်သြောအဆိုပြုပါတယ်။ ဒီအဆိုပြုချက်ကို ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် တောတွင်းလက်နက်ကိုင်အင်အားစုတွေက ထောက်ခံကြိုဆိုပါတယ်။ လက်တွေ့ အကောင်အထည်ဖော်ဖို့လည်း ကြိုးစားပါတယ်။ အုပ်စိုးသူအစိုးရအဆက်ဆက် (ဖဆပလ၊ ပထစ၊ တော်လှန်ရေးကောင်စီ၊ မဆလ၊ နဝတ၊ နအဖ) ဟာ ဒီလိုစေ့စပ် ဆွေးနွေးရေးကို အမြဲတမ်းငြင်းပယ်ပါတယ်။ ဒီကနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သင်ပုန်းချေရေး၊ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းပြီး၊ နအဖက ခါးခါးသီးသီး ငြင်းပယ်နေတာဟာလည်း နအဖ ဟာ အရင်အုပ်စိုးသူအဆက်ဆက်ရဲ့ ပြည်သူ့အင်အားစုတွေအပေါ် ရန်လိုမုန်းထားရေး၊ အပြုတ်တိုက်ရေးသဘောထားကို ခေါင်းမာမာပဲ စွဲကိုင်ထားတယ်ဆိုတာကို ဖော်ပြတာပဲ ဖြစ်ပါတယ်။

မျက်မှောက်အခြေအနေမှာ ဗမာပြည်ဟာ ပြည်တွင်းငြိမ်းချမ်းရေးရှိမှ တမျိုးသားလုံးစည်းလုံးညီညွတ်မှု၊ ဒီမိုကရေစီထွန်းကားမှု၊ ကမ္ဘာ့အခင်းအကျင်း အပြောင်းအလဲကြားမှာ အဆင့်နေရာ ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုရင် စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်ရမှာ ဖြစ်ပါတယ်။ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရကို ထူထောင်သူ ဦးနေဝင်းအသက်ထင်ရှားရှိစဉ်ကတည်းက စစ်အုပ်စုကို အညင်သာဆုံးဖျက် သိမ်းပစ်ဖို့ အခွင့်အလမ်း အကြိမ်ကြိမ် ရခဲ့ပါတယ်။

၆၃ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဗိုလ်နေဝင်းစစ်အုပ်စုက သဘောထားမှန်မှန်နဲ့ လုပ်ခဲ့မယ်ဆိုရင် စစ်အုပ်စုကို ညင်ညင်သာသာနဲ့ ဖျက်သိမ်းနိုင်မှာ ဖြစ်ပါတယ်။

၈၀ ခုနှစ်အစပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်နဲ့ မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်းတို့ တွေ့ဆုံဆွေးနွေးပွဲတွေ အောင်မြင်သွားရင်လည်း စစ်အုပ်စုကို ညင်ညင်သာသာ ဖျက်သိမ်းနိုင်မှာ ဖြစ်ပါတယ်။

၈၈ အရေးတော်ပုံကာလမှာ ကြားဖြတ်အစိုးရတရပ်ကို ထူထောင်နိုင်ရင်လည်း စစ်အုပ်စုကို ညင်ညင်သာသာ ဖျက်သိမ်းနိုင်မှာ ဖြစ်ပါတယ်။

၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ရင်လည်း စစ်အုပ်စုကို ညင်ညင်သာသာ ဖျက်သိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းနောက် စစ်အုပ်စုထိပ်သီး နံပါတ် (၁) နေရာကို ဆက်ခံတဲ့ ဗိုလ်သန်းရွှေဟာ စစ်အုပ်စုကို ဖျက်သိမ်းလိုတဲ့ ဆန္ဒမရှိရုံမက စစ်အုပ်စုအာဏာ ပိုမြဲဖို့ စစ်အုပ်စုမင်းဆက်အတွက် အာမခံချက်ပေးမယ့် အခြေခံဥပဒေကို အတင်းအကျပ် ချမှတ်အတည်ပြုဖို့ လုံးပန်းနေပါတယ်။ ဒီလိုလုပ်ရတာလည်း ဗိုလ်သန်းရွှေရဲ့ ကိုယ်ကျိုးစီးပွားအတွက်ပဲ ဖြစ်နေပြန်ပါတယ်။ နိုင်ငံရေးအာဏာ၊ တိုင်းပြည်ရဲ့ အရင်းအနှီး ဘဏ္ဍာရေးကို ဗိုလ်သန်းရွှေ လက်ဝါးကြီးအုပ်ထားနိုင်တာကို လက်လွှတ် မခံချင်လို့ ဖြစ်ပါတယ်။

ဒီလိုဆိုတော့ ဗမာပြည်မှာ ငြိမ်းချမ်းရေးရဖို့ တမျိုးသားလုံးစည်းလုံးဖို့၊ ဒီမို ကရေစီ ထွန်းကားဖို့ဆိုတာ စစ်အုပ်စုရဲ့ အမြော်အမြင်ရှိနိုးရှိနိုးနဲ့ မျှော်ကိုးလို့မရသလို စစ်အစိုးရကို ဆန့်ကျင်တဲ့ အင်အားစုတွေကလည်း ကြဲကြဲကွဲကွဲနဲ့ သူတပေါက် ကိုယ်တပေါက် ကိုယ်ထင်သလို စစ်အစိုးရကို ဆန့်ကျင်လို့မဖြစ်ဘူးဆိုတာ အတွေ့အကြုံတွေက သင်ခန်းစာရနေပြီဖြစ်တယ်။ တူညီတဲ့ ဘုံလုပ်ငန်းစဉ်ရအောင် လုံးပန်းကြရမှာ ဖြစ်ပါတယ်။

လက်ရှိဗမာပြည်မှာ စစ်အစိုးရနဲ့ ပြည်သူလူထုကြီးဖြစ်နေတဲ့ ပဋိပက္ခဟာ အဓိကပဋိပက္ခဖြစ်ပါတယ်။ စစ်အစိုးရကိုဆန့်ကျင်တဲ့ အင်အားစုတွေကိုကြည့်ရင် ထင်သာမြင်သာ အင်အားစုတွေအဖြစ် ဥပဒေတွင်းအင်အားစု၊ ဥပဒေပအင်အားစုနဲ့ ဥပဒေတွင်းလိုလို ဥပဒေပလိုလို ဖားတပိုင်းငါးတပိုင်း အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုတွေရှိနေပါတယ်။ ဥပဒေပ အင်အားစုတွေမှာ ပြည်ပရောက်အင်အားစုတွေ၊ အပစ်အခတ်မရပ်ထားတဲ့ အင်အားစုတွေ၊ မြေအောက်အဖွဲ့အစည်းတွေ စတာတွေ ရှိပါတယ်။ စစ်အုပ်စုကို မလိုလားပေမယ့် ထင်သာမြင်သာမဖြစ်တဲ့ အင်အားစုတွေကတော့ အစိုးရ အမှုထမ်းတွေ၊ တပ်မတော်ထဲက တပ်မှူးတပ်သားတွေ၊ ရဲတပ်ဖွဲ့ထဲက အင်အားတွေ၊ ကြံ့ဖွံ့ထဲက အင်အားစုတွေ ဖြစ်ပါတယ်။

ဒီအင်အားစုတွေဟာ စစ်အုပ်စု ဖျက်သိမ်းရေးကို အာရုံစူးစိုက်ပြီး၊ ဦးတည်ချက်အဖြစ်ထားကာ တခြားပဋိပက္ခတွေကို နောက် တန်းပို့ထားနိုင်ရင် ဘုံလုပ်ငန်းစဉ်ဆိုတာ ပေါ်ပေါက်နိုင်မှာ မလွဲပါ။ နိုင်ငံရေးအင်အားစု တခုနဲ့တခု အာဃာတထား၊ ဂိုဏ်းဂဏနဲ့ဆက်ဆံခဲ့ကြတာတွေကို ရှောင်ရှားနိုင်ရပါမယ်။ သူ ဖြူရင် ငါမည်းမယ်ဆိုတဲ့ သဘောထားတွေ ဖြေဖျောက်နိုင်ကြရပါမယ်။ မနာလို ဝန်တိုစိတ်တွေ ဖြေဖျောက်ရပါမယ်။ လက်နက်ကိုင် တိုက်ပွဲဆင်တဲ့အဖွဲ့အချင်းချင်း စည်းလုံးကြရပါမယ်။ အပစ်အခတ် ရပ်ထားတဲ့အဖွဲ့နဲ့ အပစ်အခတ်မရပ်တဲ့အဖွဲ့ အချင်းချင်းနားလည်မှု တည်ဆောက်ရပါမယ်။ ဥပဒေတွင်းအင်အားစုနဲ့ ဥပဒေပအင်အားစုတွေ နားလည်မှုရှိအောင် လုပ်ရပါမယ်။ ဥပဒေတွင်း အင်အားစု အချင်းချင်းလည်း စည်းလုံးကြရပါမယ်။ အင်အားစုတခုက လုပ်တဲ့ လှုပ်ရှားမှုဟာ တခြားအင်အားစုတခုအတွက် အနှောင့်အယှက် ဖြစ်သွားတာမျိုး မဖြစ်အောင် ဂရုစိုက်ကြရပါမယ်။ အင်အားစုအချင်းချင်း လက်တွဲလုပ်လို့ရတဲ့အလုပ်က စလုပ်ကြရပါမယ်။ အဲဒီလို အချင်းချင်းကြည့်မြင် ပြောဆိုဆွေးနွေးညှိနှိုင်းကြပြီး လှုပ်ရှားရင် ဘုံလုပ်ငန်းစဉ်တခုဟာ ပေါ် ပေါက်လာမှာ ဖြစ်တယ်။

တနည်းပြောရင် လူတန်းစားလူ့အလွှာအသီးသီးဟာ မိမိလူတန်းစား လူ့အလွှာအလိုက် အသင်းအပင်းဖွဲ့စည်းကြဖို့ ဖြစ်တယ်။ ပြောင်ဖွဲ့စည်းခွင့်မရရင် လျှို့ဝှက်နည်းနဲ့ ဖွဲ့စည်းကြရမှာ ဖြစ်တယ်။ လက်ရှိ ရှိနေတဲ့အင်အားစုတွေဟာ ပိုစနစ်ကျတဲ့

ဖွဲ့စည်းမှုတွေ၊ ပိုပြေပြစ်တဲ့ဆက်ဆံမှုတွေကို ထူထောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလို လူတန်းစား လူ့ အလွှာအသီးသီးဟာ ကျစ်လစ်ခိုင်မာတဲ့ နိုင်ငံရေးပါတီတွေ၊ အသင်းအပင်းအဖွဲ့အစည်း တွေ ထူထောင်ပြီး စစ်အုပ်စုဖျက်သိမ်းရေးကို ဦးတည်ထားရင် တူညီတဲ့ ဦးတည်ချက်ကို ရရှိမှာ ဖြစ်ပါတယ်။ အင်အားစုအားလုံးဟာ စစ်အုပ်စုဖျက်သိမ်းရေးကို ဦးတည်ချက်ထားပြီး ပြည်သူလူထုအကျိုးကို ဝိုင်းဝန်း သည်ပိုးကြဖို့လိုပါတယ်။ လူတန်းစားအသီးသီး လူ့အလွှာ အသီးသီးရဲ့ အင်အားစုတွေဟာ ပြည်သူလူထု တရပ်လုံးအကျိုးကို ဝိုင်းဝန်းသည်ပိုးကြရမှာ ဖြစ်ပါတယ်။ ကိုယ့် လူတန်းစားအင်အားစုကို ကိုယ်စားပြုရင်း ပြည်သူလူထုအကျိုးကို ဦးထိပ်ထားကြဖို့ ဖြစ်ပါတယ်။ လူမျိုးစုအင်အားစုတွေ (တကယ်က လူတန်းစား လူ့အဖွဲ့ အစည်းတွေပါပဲ။) ဟာ ကိုယ့်လူမျိုးရဲ့ ထူးခြားချက်ကို ကိုင်စွဲပြီး တပြည်လုံး ပြည်သူလူ ထုအကျိုးကို တတပ်တအား ပါဝင်ထမ်းဆောင်ကြဖို့ ဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင် အင်အားစုအားလုံးဟာ ကိုယ်ကျိုးစွန့်ပြီး၊ အများအကျိုး၊ ပြည်သူလူထုအကျိုးကို ဆောင် ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်၊ အမြင်၊ နည်းနာတွေ ရှင်သန်ဖို့ လိုပါတယ်။

တကယ်ကိုယ်ကျိုးစွန့်တဲ့အမြင်၊ စိတ်ဓာတ်၊ လုပ်နည်းလုပ်ဟန်တွေ ထွန်းကား ရင် အာဃာတ၊ ဂိုဏ်းဂဏ၊ မာန်မာနတွေကို ချိုးနှိမ်ပစ်သွားနိုင်ပါလိမ့်မယ်။ အဲဒါဆိုရင် တမျိုးသားလုံး စည်းလုံးညီညွတ်ပြီး ပါတီစုံ ဒီမိုကရေစီစနစ်ကိုလည်း ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ လွတ်လပ်ရေး အောင်ပွဲ တွေ ရရှိနိုင်တဲ့အထိ စွမ်းဆောင်နိုင်တဲ့ ဆောင်ပုဒ်ဟာ အများအကျိုးဆောင်မယ်၊ ကိုယ် ကျိုးကို စွန့်ပယ်မယ်ဆိုတဲ့ ဆောင်ပုဒ် ဖြစ်တယ်ဆိုတဲ့ သမိုင်းသင်ခန်းစာ ရှိနေပါတယ်။ ဒီအစဉ်အလာကောင်းကို ထိန်းသိမ်းပြီး တိုးပွားသွားအောင် လုပ်ဆောင်ကြရပါမယ်။ ဒီလိုလုပ်ရင် ဘုံလုပ်ငန်းစဉ်ဟာ အကောင်အထည်ပေါ်လာပါလိမ့်မယ်။

ကမ္ဘာ့အရေးအခင်းကို ဂရုတစိုက် ခွဲခြမ်းစိတ်ဖြာပြီး ပထဝီနိုင်ငံရေးအရ ကိုယ့် တိုင်းပြည်တပြည်လုံး၊ အမျိုးသားတရပ်လုံးအကျိုးရှိစေအောင် လုပ်ဆောင်တတ်ရ ပါမယ်။ ဒီလိုလုပ်ဆောင်ချင်တဲ့ မျိုးချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ကိုယ်ကျိုးစွန့်ပြီး အလုပ်လုပ် သွားကြရပါ မယ်။ ။

၁၀–၇–၂၀၀၇